# ရေမျက်ကျေးရွာ

# သရက်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉–၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေမျက်ကျေးရွာ၊ သရက်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉–ခုနှစ်၊ ဇွန်လ

# မာတိကာ


| | | |
|---|---|---|
| မာတိကာ | | ၂ |
| စကားချီး | | ၄ |
| တလပါးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သရက်မြို့နယ် | | ၇ |
| ၁။ | တည်နေရာနှင့် ပထဝီဝင်အနေအထား | ၈ |
| ၂။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၈ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၉ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံစိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၁၀ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | ၁၀ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၁ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၁၁ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၁ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၂ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁၂ |
| ၆။ | ပညာရေး | ၁၂ |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၃ |
| ၈။ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၃ |
| ၉။ | ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၄ |

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၅

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ၁၈

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၂၀

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၆၇

နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) ၇၁

နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) ၇၄

နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) ၇၇

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈–၂၀၁၉ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ရေမျက် ကျေးရွာ၏ ကျေးရွာသူ၊ ကျေးရွာသားများ ပါဝင်ရေးဆွဲသည့် ပထမဦးဆုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေ ပြည်သူများနှင့် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်

ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိနားလည်ခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေသည့် အချိန်တွင်လည်း လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလ အပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သရက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက်များ၊ မကွေးတိုင်းအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံချက်တွင် အပိုင်းနှစ်ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိမှုလမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု

အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်း အချက်အလက် အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဇွန်လ၊ ၂၀၁၉-ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေမျက်ကျေးရွာ

သရက်မြို့နယ်

## မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ရေမျက်ကျေးရွာအုပ်စု၊

## ရေမျက်ကျေးရွာ၏ ကျေးရွာနှင့် သယံဇာတပြမြေပုံ



## ၁။ ကျေးရွာ၏ တည်နေရာနှင့် ပထဝီဝင် အနေအထား

သရက်မြို့နယ်၊ ရေမျက်အုပ်စု၊ ရေမျက်ကျေးရွာသည် သရက်မြို့နှင့် (၁၄)မိုင်ခန့် အကွာ သရက်-မင်းတုန်းကားလမ်းမကြီးဘေးတွင် တည်ရှိပြီး သရက်မြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ တလပါးကျေးရွာနှင့် နယ်နိမိတ်ချင်း ထိစပ်နေ သော ကျေးရွာများမှာ ရွာ၏အနောက်တောင်ဘက်တွင် ဘန်းကုန်းကျေးရွာ၊ အနောက်မြောက်ဘက်တွင် တောင်မြင့် ကျေးရွာနှင့် အရှေ့မြောက်ဘက်တွင် ရှမ်းရွာကြောကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းတို့ဖြစ်ပါသည်။ ကျေးရွာ၏ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ပါသည်။ လယ်ယာမြေများသည် စပါး၊ နှမ်း၊ မြေပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အဓိက အားထားရာ ဖြစ်ပါသည်။ ရာသီဥတုအနေဖြင့် ပူပြင်းခြောက်သွေ့ပြီး တခါတရံ မိုးနည်းပြီး၊ တခါတရံ မိုးများသဖြင့် ရာသီဥတု မမှန်သော အနေအထား ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာနေပြည်သူအများစုမှာ စပါး၊ မြေပဲနှင့် နှမ်းတို့ကို အဓိကထား စိုက်ပျိုးကြပြီး လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၈၀.၇၃)ဧက၊ ယာမြေ(၁၃၅.၉၅) ဧက၊ ကိုင်း (၁၁.၆၃)ဧက၊ စားကျက်မြေ(၄)ဧကနှင့် မြေလွတ်မြေလပ် (၄၃.၅၀)ဧက စုစုပေါင်း စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှု (၂၇၅.၈၁)ဧက ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ တောင်သူ အိမ်ထောင်စုတစ်စုလျှင် ပျှမ်းမျှ (၃)ဧကခန့် ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ အတွင်းရှိ မြေအမျိုးအစားများသည် တောင်ကုန်းတောင်စောင်း များဖြစ်သဖြင့် လယ်ယာမြေ ပိုင်ဆိုင်မှုအလွန်နည်းပါးပါသည်။

ရေမျက်ကျေးရွာအနီးတွင် ကျောက်ထုတ်လုပ်မှု အနည်းငယ်ရှိနိုင်သော်လည်း စီးပွားဖြစ်ရောင်းချနိုင်မှုမရှိကြောင်း၊ နွားစာ/ ဝက်စာများအဖြစ် စားကျက်မြေ နည်းပါးကြောင်း၊ တွင်းထွက်သယံဇာတ မရှိကြောင်း၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များအဖြစ် ကြက်၊ ဝက်နှင့် နွားများသာရှိပြီး အခြားရှားပါးတိရစ္ဆာန်မျိုးစိတ်များ မရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ရေမျက်ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ- ဘာသာရေးအသင်းအဖွဲ့များအဖြစ် ဂေါပကအဖွဲ့နှင့် ဓမ္မစကြာအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများအဖြစ် ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ စိတ်တူကိုယ်တူအဖွဲ့နှင့် မိခင်ဝိုင်းအဖွဲ့၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့များအဖြစ် အုပ်ချုပ်ရေးအဖွဲ့နှင့် အရန်မီးသတ် အဖွဲ့တို့ဖွဲ့စည်းဆောင်ရွက်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါအဖွဲ့အစည်းများတွင် ကျေးရွာနေ လူကြီး/လူငယ်၊ အမျိုးသား/ အမျိုးသမီးများ အစုံအလင် ပူးပေါင်းပါဝင်မှုရှိအောင် ဖွဲ့စည်း ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ကော်မတီဝင်များသည် ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော လုပ်ငန်းများအား သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ရေမျက်ကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စု အများစုမှာ တောင်သူများဖြစ်ပြီး စိုက်ပျိုးမြေ (၅)ဧကမှ(၁၂.၅) ဧကကြား ပိုင်ဆိုင်သူ အိမ်ထောင်စု(၁၅)စု၊ အလယ်အလတ် အဆင့်ရှိ စိုက်ပျိုးမြေပိုင်ဆိုင်သူ အိမ်ထောင်စု(၆၇)စု၊ မြေပိုင်ဆိုင်မှု မြေယာမဲ့လက်လုပ် လက်စား အိမ်ထောင်စု (၃၇)စု ရှိကြောင်း တွေ့ရှိရပါသည်။

အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ နှမ်း၊ မြေပဲတို့ဖြစ်ပါသည်။ နှမ်းအထွက်နှုန်းမှာ (၁) ဧကလျှင် အနည်းဆုံး (၆)တင်း၊ အများဆုံး (၈)တင်းနှင့် ပျမ်းမျှ (၇)တင်း ထွက်ရှိပါ သည်။ မြေပဲ(၁)ဧက အထွက်နှုန်းမှာ အနည်းဆုံး (၂၀၀)ပိဿာ၊ အများဆုံး (၃၀၀)ပိဿာနှင့် ပျမ်းမျှ (၂၅၀)ပိဿာ ထွက်ရှိပါသည်။ ဈေးကွက်အကျိုးအမြတ်အနေဖြင့် အသင့်အတင့် ရရှိပါသည်။ မျိုးကောင်းမျိုးစေ့၊ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အပင်အားတိုးဆေးစသည်တို့ အလွယ် တကူ ဝယ်ယူရရှိနိုင်သော်လည်း မြေဆီလွှာ မကောင်းသဖြင့် အထွက်နှုန်း နည်းပါးကြောင်း တွေ့ရှိရပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ရေမျက်ကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၂၆)စုရှိပြီး ဝက် အကောင်ရေ (၅၀)ကောင်၊ ကြက်မွေးမြူ ရေးလုပ်ကိုင်သူအိမ်ထောင်စု (၇၇)စုရှိပြီး ကြက ်ကောင်ရေ (၆၅၉)ကောင် ၊ နွားမွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၅၅)စုရှိပြီး နွား အကောင်ရေ (၁၈၄)ကောင်နှင့် နွားနောက်မွေးမြူသူအိမ်ထောင်စု (၁၃)အိမ်ရှိပြီး အကောင် ရေ(၂၁)ကောင် မွေးမြူလျှက်ရှိကြောင်း တွေ့ရှိရပါသည်။ ဝက်မွေးသူအိမ်ထောင်စု အရေ အတွက်မှာ တစ်ရွာလုံး၏ (၂၂%)ခန့်သာရှိပြီး ဒေသဝက်မျိုးများကို မွေးမြူကြပါသည်။ ကြက် မွေးမြူရေးအဖြစ် အိမ်ထောင်စုဦးရေမှာ တစ်ရွာလုံး၏ (၆၅%)ဖြစ်ပြီး ဝယ်လိုအားရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

အဓိကဝင်ငွေရ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်မှု အနေဖြင့်

ကျေးရွာနေ အိမ်ထောင်စု၏ (၅၆%)မှာ စိုက်ပျိုးရေးလုပ်ငန်း အဓိက လုပ်ကိုင်ကြပြီး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု (၁%)၊ အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူ (၂%)၊ လက်သမား/ ပန်းရံလုပ်ငန်း လုပ်ကိုင်သူ (၂%)၊ နေ့စား/ကျပန်း လုပ်ကိုင်သူ အိမ်ထောင်စု(၃၈%)ရှိပါသည်။ အဓိကလုပ်ငန်းများအပြင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိမည့် တွဲဖက်လုပ်ငန်းများအဖြစ် အထည်ချုပ်စက်ရုံနှင့် ဆောက်လုပ်ရေး လုပ်ငန်း များတွင် နေ့စား/လစားအဖြစ် လည်းကောင်း၊ ပညာရေးဌာန/ ကျန်းမာရေးဌာန/ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနစသည်တို့တွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် လည်းကောင်း၊ ကိုယ်ပိုင် လုပ်ငန်းများအဖြစ် စက်ချုပ်ခြင်း၊ ကိုယ်ပိုင်သုံးဘီးနှင့် ကားများဖြင့် သယ်ယူ ပို့ဆောင်ရေး လုပ်ငန်း ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရှိရပါသည်။

### (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှ ငွေလွှဲ/ငွေပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါက ကျေးရွာနှင့် (၁၄)မိုင်ခန့် ကွာဝေးသော သရက်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိက ဘဏ်(၄)ခုဘဏ်တို့သို့ သွားရောက်၍ ငွေလွှဲ/ငွေပို့ခြင်းများ ဆောင်ရွက်ကြရပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ အဓိကထွက်ကုန်များကို သရက်မြို့ ဈေးကွက်သို့ ပို့ဆောင်ရောင်းချ ပါသည်။ ကျေးရွာမှ သရက်မြို့သို့ အကွာအဝေးမှာ (၁၄)မိုင်ခန့်ရှိပြီး ကား/ သုံးဘီး/ ဆိုင်ကယ်တို့ဖြင့် သယ်ယူပို့ဆောင်ခြင်းဖြစ်ပါသည်။ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်

လမ်းများအားလုံးမှာ မြေသားလမ်းများ ဖြစ်သဖြင့် မိုးရာသီတွင် သွားရေးလာရေး ခက်ခဲမှုများ ကြုံတွေ့ကြရပါသည်။ ကျေးရွာအတွင်း နေထိုင်သည့် အိမ်ထောင်စုများ၏ သယ်ယူပို့ဆောင်ရေး ယာဉ်များ ပိုင်ဆိုင်မှုအနေဖြင့် ဆိုင်ကယ်(၆၄)စီး၊ စက်ဘီး (၄၄)စီး၊ ကား(၂)စီး နှင့် နွားလှည်း (၄၆)စီး ပိုင်ဆိုင်ကြပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကျေးရွာအတွင်းနေထိုင်သည့် အိမ်ထောင်စု(၁၁၉)စုအနက် (၉၄)အိမ်မှာ ကိုယ်ပိုင်ဆိုလာမီး သုံးစွဲကြပြီး အိမ်ထောင်စုတစ်စုမှာ ကိုယ်ပိုင်မီးစက် သုံးစွဲကြောင်း၊ ကျန်(၂၄)အိမ်မှာ ဖယောင်းတိုင်မီးသာ အသုံးပြုကြ ကြောင်း သိရှိရပါသည်။

**(ဂ) သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာနေအိမ်ထောင်စုအများစုမှာ တယ်လီဖုန်းများ ပိုင်ဆိုင်ကြပြီး ဖုန်း(၁၅၃) လုံး၊ ရေဒီယို (၃၀)လုံး၊ တီဗွီ (၄၄)လုံးနှင့် ဂြိုလ်တုစလောင်း (၂၆)ခု ပိုင်ဆိုင်ကြခြင်းကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအခြေအနေ အတန်အသင့် ကောင်းမွန်ပါသည်။

**၆။ ပညာရေး**

ကျေးရွာသူ/သားများအနေဖြင့် ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိပြီး အများစုမှာ အခြေခံ အရေး၊ အဖတ်၊ အတွက်အချက်တို့ကို တတ်မြောက်ကြပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင် တက်ရောက်သင်ကြား နိုင်သည်။

ရေမျက်ကျေးရွာမှ လက်ရှိအတန်းတက်ရောက် သင်ယူနေသူ ဦးရေမှာ မူလတန်းတွင် (၄၂)ဦး၊ အလယ်တန်းတွင် (၂၀)ဦး၊ အထက်တန်းတွင် (၇)ဦးနှင့် တက္ကသိုလ် တက်ရောက်နေ သူ (၇)ဦး ရှိပါသည်။

ရေမျက်ကျေးရွာရှိ မူလတန်းကျောင်းတွင် စာသင်ကျောင်းဆောင် (၃)ဆောင်ရှိပြီး တစ်ဆောင်မှာ အန္တရာယ်ဆောင်အဖြစ် သတ်မှတ်ထားပါသည်။ ကျောင်းဆောင် တစ်ဆောင်မှာ (၅၂×၂၅)ပေ ကျယ်ဝန်းပြီး ဟောင်းနွမ်းလျှက်ရှိပါသည်။ ကျောင်းဆောင်တစ်ဆောင်မှာ (၆၀’×၃၀’) အကျယ်ရှိ တစ်ထပ်ကျောင်းဆောင်ဖြစ်ပါသည်။ မူလတန်းကျောင်းတွင် ကျောင်းသား (၂၂)ဦးနှင့် ကျောင်းသူ(၁၆)ဦး စုစုပေါင်း(၃၈)ဦး တက်ရောက် ပညာသင်ယူ

လျှက်ရှိပါသည်။ အစိုးရခန့် ဆရာ/ ဆရာမ (၆)ဦးတို့မှ တာဝန်ယူ သင်ကြားလျှက်ရှိပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာနေ ရွာသူ/ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပါသည်။ ကျေးရွာနှင့်(၁)မိုင်ခွဲခန့်အကွာ တလပါးကျေးရွာတွင်တိုက်နယ်ဆေးရုံရှိပြီး လမ်းပမ်း ဆက်သွယ်ရေးလည်း အသင့်အတင့်ကောင်းမွန်သဖြင့် မြို့နယ်ဆေးရုံများနှင့်လည်း လက်လှမ်းမီ သလောက်ရှိပါသည်။ ကျေးရွာတွင်လက်နှိပ်တုံကင်တွင်းများ အလွယ်တကူ ရရှိပြီးသောက်သုံးရေသန့်ရှင်းသည့်အတွက် ဝမ်းပျက်ဝမ်းလျော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသောရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရှိရပါသည်။ အခြား HIV/ AIDS ရောဂါများ ဖြစ်ပွားမှု လုံးဝမရှိပါ။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လွန်ခဲ့သော (၁၂)လအတွင်း ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါရောဂါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ ဆင်ခြေထောက်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ စသည့် ရောဂါများအတွက် ကာကွယ် ဆေးနှင့် အခြားစုပေါင်းကာကွယ်ဆေး ထိုးနှံမှုများ ဆောင်ရွက်ခဲ့ခြင်းနှင့် အဟာရပညာပေး အစီအစဉ်များလည်း ဆောင်ရွက်ခဲ့ပါသည်။

ကျေးရွာနေအိမ်ထောင်စုများ သောက်သုံးရေရရှိမှု အနေဖြင့် ရေတွင်း(၂)တွင်း၊ ပုဂ္ဂလိကပိုင် တုံကင်(၉၈)တွင်း၊ ရေကန်(၂)ကန်နှင့် စက်တပ်အဝီစိတွင်း (၁)တွင်း ရှိသည့်အတွက် တစ်နှစ်ပတ်လုံး သောက်သုံးရေ ဖူလုံမှုရှိပါသည်။ ကျေးရွာ၏ ပတ်ဝန်းကျင်သန့်ရှင်းရေးများကိုလည်း အစဉ်တစိုက် ပြုလုပ်ဆောင်ရွက်လျှက်ရှိပါသည်။

ကျေးရွာနေ အိမ်ထောင်စုအများစုမှာ ကျန်းမာရေးဗဟုသုတရှိသည့် အားလျော်စွာ သန့်ရှင်းသော ရေလောင်း/ယင်လုံ အိမ်သာသုံးစွဲသူ အိမ်ထောင်စု (၉၇)စုရှိပြီး တွင်းရှိ အိမ်သာသုံးစွဲသူ အိမ်ထောင်စု(၃)စု ရှိပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင်း ချို့တဲ့နွမ်းပါးသော အိမ်ထောင်စုများသည် အငှားလိုက် နေ့စားများ

အဖြစ် လုပ်ကိုင်ကြပြီး မိုးတွင်းကာလတွင် ငှားရမ်းသူမရှိခြင်းကြောင့် စားနပ်ရိက္ခာ မဖူလုံမှု ကြုံတွေ့ရတတ်ပါသည်။ အချို့နှစ်များတွင် မုန်တိုင်းတိုက်ခတ်မှုများ ကြုံတွေ့ကြရသော်လည်း ကြီးကြီးမားမား ဆုံးရှုံးမှု မရှိခဲ့ပါ။ အခြားသဘာဝဘေး အန္တရာယ်ဖြစ်ပွားမှု နည်းပါးပါသည်။ ကျန်းမာရေးဆိုင်ရာ ဗဟုသုတ ကြွယ်ဝသည့်အတွက် ရောဂါဖြစ်ပွားမှုနှုန်းလည်း နည်းပါးပါသည်။

စိုက်ပျိုးမြေများမှာ နှစ်ကာလ ကြာရှည်စွာ စိုက်ပျိုးခဲ့ကြပြီး မြေဩဇာအသုံးပြုမှု နည်းပါးသဖြင့် သဘာဝမြေဆီလွှာ၏ အရည်အသွေးမှာ အသင့်အတင့်သာရှိပါသည်။

## ၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်လှုပ်ရှားမှုရှိပြီး အမျိုးသားများနည်းတူလုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိမှုအားနည်းပါသည်။ သို့သော် အခြားသောလူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် ဦးစီးဦးဆောင် ဆောင်ရွက်မှု ကောင်းမွန်ပြီး ကျေးရွာ၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း လုပ်ဆောင်နိုင်ကြပါသည်။ အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အခြားကဏ္ဍအသီးသီးတွင် အမျိုးသမီးများအပေါ် ကျားမ ခွဲခြားမှုမရှိဘဲ ပူးပေါင်း၍ ဆောင်ရွက်မှုများ အားကောင်းလာခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုများတွင် အထိုက်အလျောက် အောင်မြင်မှုများ ရရှိနေခြင်း ဖြစ်ပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ရေမျက်ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် လေ့လာတွေ့ ရှိရသော လိုအပ်ချက်/ ပြဿနာများ၊ ကျေးရွာနေပြည်သူများ၏ ဆွေးနွေးအကြံပြုချက်များ အပေါ် အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ပေးစီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| ကဏ္ဍ | စီမံချက် | ရမှတ် | ဦးစားပေး အဆင့် | စီမံချက်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **လမ်းပမ်း ဆက်သွယ်ရေး** | မြေနီခင်းခြင်း လုပ်ငန်း | ၁၉၅ | ၁ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဌာနမှ အကောင်အထည်ဖော်ဆောင် ရွက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေသိန်း(၁၀၀)နှင့် ပြည်သူ ထည့်ဝင်ငွေတို့ဖြင့်လမ်းအဆင့်မြှင့်တင် ရေးလုပ်ငန်းများဆောင်ရွက်ရန် | |
| **ပညာရေး** | ပေ(၅၂'×၂၅')ရှိ ကျောင်းဆောင် ဟောင်း ပြုပြင်ရန် | ၁၈၇ | ၂ | သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်၍ ကျောင်းဆောင်သစ် ရရှိရေး တင်ပြ တောင်းခံရန် | |
| **လမ်းပမ်း ဆက်သွယ်ရေး** | ကွန်ကရစ်ရေကျော် (၁၀၀'×၁၀') တည် ဆောက်ရန် | ၁၆၅ | ၃ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဌာနမှ အကောင်အထည်ဖော်ဆောင် ရွက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေသိန်း(၁၀၀)နှင့် ပြည်သူ ထည့်ဝင်ငွေတို့ဖြင့်လမ်းအဆင့်မြှင့်တင် ရေးလုပ်ငန်းများဆောင်ရွက်ရန် | |
| **မီးရရှိရေး** | ကျေးရွာမီးရရှိရေး ဆောင်ရွက်ရန် | ၁၅၈ | ၄ | သက်ဆိုင်ရာ ဌာနများနှင့် ဆက်သွယ်၍ ကျေးရွာမီးရရှိရေးတင်ပြတောင်းခံရန် | |

| ကဏ္ဍ | စီမံချက် | ရမှတ် | ဦးစားပေး အဆင့် | စီမံချက်ဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|
| **ကျန်းမာရေး** | ကျေးရွာအားကစား ကွင်း တည်ဆောက် ရန် | ၁၅၇ | ၅ | အားကစားကွင်း တည်ဆောက်နိုင်ရေး ကျေးရွာနေ ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်သွားရန် | |
| **အသိပညာ ဗဟုသုတ** | ကျေးရွာစာကြည့် တိုက်တည်ထောင် ရန် | ၁၅၁ | ၆ | သက်ဆိုင်ရာဦးစီးဌာနနှင့် ပြည်သူတို့ ပူးပေါင်း၍ ကျေးရွာစာကြည့်တိုက် တည်ထောင်သွားရန် | |
| **ကျန်းမာရေး** | ကျန်းမာရေးဆေး ပေးခန်းနှင့် ဝန်ထမ်း များ ချထား ပေးရန် | ၁၄၅ | ၇ | သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်၍ ကျန်းမာရေးဆေးပေးခန်း နှင့် ဝန်ထမ်း ချထားရေး တင်ပြ တောင်းခံရန် | |
| **ပညာရေး** | မိခင်ဝိုင်းစာသင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးဂုန် | ၁၃၄ | ၈ | မိခင်ဝိုင်း ကျောင်းဆောင်သစ် တည် ဆောက်နိုင်ရေး ကျေးရွာနေ ပြည်သူ လူထုပူးပေါင်းပါဝင် ဆောင်ရွက်သွားရန် | |
| **မီးဘေး လုံခြုံရေး** | ကျေးရွာမီးဘေး လုံခြုံရေးမျှော်စင် တည်ဆောက်ရန် | ၁၂၉ | ၉ | မီးဘေးလုံခြုံရေးမျှော်စင် တည်ဆောက် နိုင်ရေး ကျေးရွာနေ ပြည်သူလူထု ပူးပေါင်း ပါဝင် ဆောင်ရွက်သွားရန် | |
| **ချေးငွေ ရရှိရေး** | မြစိမ်းရောင်စီမံကိန် ‌ေဆာင်ရွက်ခွင့် ရရှိရေး | ၁၂၃ | ၁၀ | လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနသို့ မြစိမ်းရောင်စီမံကိန် ‌ေဆာင်ရွက်ခွင့် ရရှိရေး တင်ပြတောင်းခံရန် | |

နောက်ဆက်တွဲ (၁)

## သရက်မြို့နယ်၊ ရေမျက်ကျေးရွာအုပ်စု၊ ရေမျက်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | မွေးသက္ကရာဇ် | ပညာ အရည်အချင်း | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးဝင်းနိုင် | ဦးဖြူဒီး | ၈/သရန(နိုင်)၀၆၇၄၃၄ | ၁၃.၃.၁၉၇၈ | ၄–တန်း | ဥက္ကဌ | ၀၉–၄၅၁၆၅၉၄၇၇ |
| ၂ | ဦးမိုးကျော်ဦး | ဦးမောင်ရီ | ၈/သရန(နိုင်)၀၃၀၄၄၉ | ၈.၉.၁၉၆၉ | ၆–တန်း | အတွင်းရေးမှူး | ၀၉–၄၀၉၀၃၉၉၂၄ |
| ၃ | ဦးညီထွန်း | ဦးထွန်းရွှေ | ၈/သရန(နိုင်)၀၆၇၅၁၅ | ၁၁.၁၂.၁၃၄၀ | ၄–တန်း | ဘဏ္ဍာရေးမှူး | ၀၉–၄၅၇၉၀၇၅၈၈ |
| ၄ | ဦးမောင်တူး | ဦးသောင်းကြည် | ၈/သရန(နိုင်)၀၈၉၉၀၀ | ၁၂.၂.၁၃၄၆ | ၄–တန်း | စာရင်းကိုင် | ၀၉–၄၄၉၂၉၅၅၇၀ |
| ၅ | ဦးသန်းလှိုင် | ဦးမောင်ကြည် | ၈/မကန(နိုင်)၀၃၀၃၉၈ | ၇.၁၁.၁၃၂၈ | ၄–တန်း | အဖွဲ့ဝင် | ၀၉–၄၅၅၆၈၉၁၁၆ |
| ၆ | ဒေါ်မာမာအေး | ဦးပေါက်စ | ၈/သရန(နိုင်)၀၇၉၄၄၇ | ၁.၁.၁၉၈၉ | ၁၀–တန်း | အဖွဲ့ဝင် | ၀၉–၄၂၅၆၀၉၄၅၉ |
| ၇ | ဒေါ်သိန်းဟန် | ဦးစံတင် | ၈/သရန(နိုင်)၀၂၄၉၀၅ | ၁.၄.၁၃၂၄ | ၄–တန်း | သော့ကိုင် | ၀၉–၂၅၆၀၈၈၅၆၁ |
| ၈ | ဦးစိုးသိန်း | ဦးမြမောင် | ၈/သရန(နိုင်)၀၃၀၃၇၂ | ၅.၇.၁၃၂၄ | ၄–တန်း | အဖွဲ့ဝင် | ၀၉–၂၅၆၃၂၅၄၃၃ |

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | မွေးသက္ကရာဇ် | ပညာ အရည်အချင်း | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၉ | ဒေါ်ခင်မာထွေး | ဦးဖိုးညို | ၈/သရန(နိုင်) | ၁၇.၅.၁၉၉၆ | ၁၀–တန်း | အဖွဲ့ဝင် | ၀၉–၄၂၆၄၅၄၉၁၆ |
| ၁၀ | ဦးဌေးဝေလှိုင် | ဦးတင်မောင်အေး | ၈/သရန(နိုင်)၀၇၃၃၀၈ | ၃၀.၅.၁၉၈၇ | ၄–တန်း | အဖွဲ့ဝင် | ၀၉–၄၂၉၉၁၃၄၈၁ |
| ၁၁ | ဦးလှဝင်း | ဦးလှမောင် | ၈/သရန(နိုင်)၀၃၀၄၄၃ | ၅.၇.၁၃၃၁ | ၄–တန်း | အဖွဲ့ဝင် | ၀၉–၈၉၈၆၆၆၀၈၆ |

**သရက်မြို့နယ်၊ ရေမျက်ကျေးရွာအုပ်စု၊ ရေမျက်ကျေးရွာ၏ ဝယ်ယူရေးကော်မတီဝင်များစာရင်း**

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | မွေးသက္ကရာဇ် | ပညာ အရည်အချင်း | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးမိုးကျော်ဦး | ဦးမောင်ရီ | ၈/သရန(နိုင်)၀၃၀၄၄၉ | ၈.၉.၁၉၆၉ | ၆–တန်း | အတွင်းရေးမှူး | ၀၉–၄၀၉၀၃၉၉၂၄ |
| ၂ | ဦးညီထွန်း | ဦးထွန်းရွှေ | ၈/သရန(နိုင်)၀၆၇၅၁၅ | ၁၁.၁၂.၁၃၄၀ | ၄–တန်း | ဘဏ္ဍာရေးမှူး | ၀၉–၄၅၇၉၀၇၅၈၈ |
| ၃ | ဒေါ်မာမာအေး | ဦးပေါက်စ | ၈/သရန(နိုင်)၀၇၉၄၄၇ | ၁.၁.၁၉၈၉ | ၁၀–တန်း | အဖွဲ့ဝင် | ၀၉–၄၂၅၆၀၉၄၅၉ |

နောက်ဆက်တွဲ (၂)

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | | ၂ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၉ | ၁၁ | ၂၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၈ | ၁၅ | ၃၃ |
| ၁၀နှစ်မှ၁၄နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၅ | ၂၁ | ၃၆ |
| ၁၅နှစ်မ ၆၄နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၆၁ | ၁၆၃ | ၃၂၄ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၈ | ၁၇ | ၂၅ |
| **စုစုပေါင်း** | | **၂၁၃** | **၂၂၇** | **၄၄၀** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၁၉** | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ရေမျက်ကျေးရွာတွင် အိမ်ထောင်စု (၁၁၉)စု၊ အမျိုးသား (၂၁၃)ဦး၊ အမျိုးသမီး (၂၂၇)ဦး ဖြစ်ပြီး လူဦးရေစုစုပေါင်း (၄၄၀)ဦး နေထိုင်လျှက်ရှိပါသည်။ နေထိုင်သူ လူဦးရေ၏ (၅%)ခန့်မှာ မွေးကင်းစမှ ၅-နှစ် အရွယ် ကလေးငယ်များဖြစ်ပြီး၊ ကျောင်းနေ အရွယ် ကလေးဦးရေ (၁၆%)၊ သက်ကြီးရွယ်အိုဦးရေ (၆%)နှင့် (၁၅-နှစ်မှ ၆၄-နှစ်)အတွင်း အလုပ်လုပ်နိုင်သောအရွယ်ရှိ လူဦးရေ (၇၃%)ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ် ဖြစ်ကာ လူငယ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဆိုပါက ဒေသစီးပွားရေး တိုးတက်အောင်စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ ကျေးရွာအိမ်ထောင်စုအားလုံးမှာ ဗမာလူမျိုး များ ဖြစ်ပြီး ဗုဒ္ဓဘာသာ ကိုးကွယ် ကြသူများဖြစ်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၇ | ၁၂၈ | ၂၁ | လတ် |
| | အလုပ်သမား / ဝန်ထမ်း | ၃၆ | ၅၃ | ၁၅ | နိမ့် |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၁ | လတ် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၃ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၄ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | လတ် |
| | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၅ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၁ | လတ် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၆ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၇ | **ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | | မြင့် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၈ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့် |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | လတ် |
| ၉ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၀ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၅ | | လတ် |
| ၁၁ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၂ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၃ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း/ရာသီအလိုက် အလုပ်သမား | | | | |
| ၁၄ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၃ | လတ် |
| | **စုစုပေါင်း** | ၁၁၉ | ၁၉၆ | ၄၁ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

**လေ့လာတွေ့ရှိချက်။** ။ အဓိကဝင်ငွေရ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

လုပ်ဆောင်မှု အနေဖြင့် ကျေးရွာနေ အိမ်ထောင်စု၏ (၅၆%)မှာ စိုက်ပျိုးရေးလုပ်ငန်း အဓိက လုပ်ကိုင်ကြပြီး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု (၁%)၊ အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူ (၂%)၊ လက်သမား/ ပန်းရံလုပ်ငန်း လုပ်ကိုင်သူ (၂%)၊ နေ့စား/ကျပန်း လုပ်ကိုင်သူ အိမ်ထောင်စု(၃၈%)ရှိပါသည်။ အဓိကလုပ်ငန်းများအပြင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိမည့် တွဲဖက်လုပ်ငန်းများအဖြစ် အထည်ချုပ်စက်ရုံနှင့် ဆောက်လုပ်ရေး လုပ်ငန်း များတွင် နေ့စား/လစားအဖြစ် လည်းကောင်း၊ ပညာရေးဌာန/ ကျန်းမာရေးဌာန/ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနစသည်တို့တွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် လည်းကောင်း၊ ကိုယ်ပိုင် လုပ်ငန်းများအဖြစ် စက်ချုပ်ခြင်း၊ ကိုယ်ပိုင်သုံးဘီးနှင့် ကားများဖြင့် သယ်ယူ ပို့ဆောင်ရေး လုပ်ငန်း ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရှိရပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | နေ့စား | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၃၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၃ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | – | ၅၀၀၀ | – | ၃၀၀၀ |

ရင်းမြစ်.. ဦးတည်အုပ်စု ဆွေးနွေးခြင်း -ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပျိုးကြဲချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် အများဆုံးလုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦးလျှင် (၅၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀ိ/-)နှုန်းနှင့် အနည်းဆုံးလုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦးလျှင် (၄၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀ိ/-)နှုန်းအငှားခေါ်၍ လုပ်ငန်းဆောင်ရွက် ကြရသည်။ ဆောက်လုပ်ရေး/ပန်းရံလုပ်ငန်းများတွင် အမျိုးသားလုပ်သားများကို (၈၀၀၀ိ/-) နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀ိ/-)နှုန်းနှင့် အနည်းဆုံးလုပ်အားခနှုန်းမှာ အမျိုးသား တစ်ဦး လျှင် (၆၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀ိ/-)နှုန်း၊ အခြားစက်ချုပ်လုပ်ငန်း စသည်တို့တွင် အမျိုးသမီးများအား အများဆုံး (၅၀၀၀)နှုန်းနှင့် အနည်းဆုံး (၃၀၀၀)နှုန်း တို့ ရရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး |
|---|---|---|

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး |
| --- | --- | --- |
| လယ်မြေ | ၈၀.၇၃ | သင့် |
| ယာမြေ / တောင်ယာမြေ | ၁၃၅.၉၅ | ညံ့ |
| ဥယျာဉ်ခြံမြေ | | သင့် |
| ကိုင်း/ကျွန်းမြေ | ၁၁.၆၃ | သင့် |
| စားကျက်မြေ | ၄ | ညံ့ |
| မြေလွတ်မြေလပ် | ၄၃.၅ | ညံ့ |
| **စုစုပေါင်း** | **၂၇၅.၈၁** | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၈၀.၇၃)ဧက၊ ယာမြေ(၁၃၅.၉၅)ဧက၊ ကိုင်း (၁၁.၆၃)ဧက၊ စားကျက်မြေ(၄)ဧကနှင့် မြေလွတ်မြေလပ် (၄၃.၅၀)ဧက စုစုပေါင်း စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှု (၂၇၅.၈၁)ဧက ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ တောင်သူအိမ်ထောင်စု တစ်စုလျှင် ပျှမ်းမျှ (၃)ဧကခန့် ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာအတွင်းရှိ မြေအမျိုးအစားများသည် တောင်ကုန်းတောင်စောင်း များဖြစ်သဖြင့် လယ်ယာမြေပိုင်ဆိုင်မှုအလွန်နည်းပါးပါသည်။

## (၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု | အသုံးချနိုင်မှု |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံ ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | နည်း | အသုံးမပြုနိုင်ပါ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | နည်း | ခက် |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင် များ) | နည်း | ခက် |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | နည်း | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ရေမျက်ကျေးရွာအနီးတွင် ကျောက်ထုတ်လုပ်မှု အနည်းငယ်ရရှိနိုင်သော်လည်း စီးပွားဖြစ်ရောင်းချနိုင်မှုမရှိကြောင်း၊ နွားစာ/ ဝက်စာများအဖြစ် စားကျက်မြေ နည်းပါးကြောင်း၊ တွင်းထွက်သယံဇာတ မရှိကြောင်း၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ အဖြစ် ကြက်၊ ဝက်နှင့် နွားများသာရှိပြီး အခြားရှားပါးတိရစ္ဆာန်မျိုးစိတ်များ မရှိကြောင်း လေ့လာ တွေ့ရှိရ ပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း |
|---|---|

| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင် စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင် စု |
|---|---|---|---|---|
| **မြေယာပိုင်ဆိုင်မှု** | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၄)ဧကနှင့် အထက် | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၁)ဧကနှင့် အထက် | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၁)ဧက အောက် | မြေမရှိ |
| **အိမ်အခြေအနေ** | ပျဉ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ပျဉ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ဝါးထရံကာ၊ ဝါးခင်း၊သွပ်မိုး | ဝါးထရံကာ၊ဝါးခင်း၊ သက်ကယ်မိုး/ သွပ်မိုး |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု** | ထွန်စက်၊ | ထွန်၊ထယ်၊ခါး ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား |
| **အခြားပိုင်ဆိုင်မှု** | ကား၊ဆိုင်ကယ်၊ ဖုန်း(၂)လုံးနှင့် အထက်၊တီဗွီ၊ စလောင်း၊ ရေဒီယို | ဆိုင်ကယ်၊ဖုန်း(၁)လုံး၊တီဗွီ၊စလောင်၊ ရေဒီယို | ဖုန်း | – |
| **အဓိကစီးပွားရေး လုပ်ငန်း** | တောင်သူ၊ သယ်ယူပို့ ဆောင်ရေး | တောင်သူ | တောင်သူ၊ ကျပန်း | ကျပန်း |
| **အိမ်ထောင်စု** | **၅** | **၁၀** | **၆၇** | **၃၇** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေအိမ်ထောင်စုများ၏ ဥစ္စာဓနအဆင့်များခွဲခြားရာတွင် အဆင်ပြေသောအိမ်ထောင်စု (၅)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၁၀)စု၊ မပြေလည်သော အိမ်ထောင်စု (၆၇)စု နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၃၇)စု ရှိကြောင်း တွေ့ရှိရပါသည်။ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် ကျေးရွာသည် တောင်သူ

အများစုနေထိုင်သည့် ကျေးရွာဖြစ်သည့်အတွက် လယ်/ယာမြေဧက ပိုင်ဆိုင်မှု အခြေအနေ၊ ကုန်ထုတ်လုပ်ငန်းနှင့်ဆိုင်သော စက်ပစ္စည်းပိုင်ဆိုင်မှုအခြေအနေ၊ အခြားစက်ပစ္စည်း ပိုင်ဆိုင်မှု အခြေအနေတို့အပေါ်မူတည်၍ အဆင့်သတ်မှတ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့် နည်းဗျူဟာ** |
|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | ၄၅ | ချေးယူ = အိမ်ထောင်စု( ၄၅)စု<br>လုပ်အားခကြိုယူ = အိမ်ထောင်စု (၄၅)စု |
| ၃လ နှင့် ၆လ ကြား ဝမ်းစာဖူလုံမှု | ၃၅ | ချေးယူ = အိမ်ထောင်စု(၃၅)စု |
| ၆လ နှင့် ၁၂လ ကြား ဝမ်းစာဖူလုံမှု | ၂၄ | ချေးယူ = အိမ်ထောင်စု(၂၄)စု |

ရင်းမြစ်..ဉစ္စာနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျပန်း/နေ့စား လုပ်ကိုင်ကြသည့် အိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည့် အချိန်များတွင် နေ့စားလိုက်ရသဖြင့် ဝင်ငွေရရှိကြသော်လည်း စိုက်ပျိုးချိန်မဟုတ်သော နွေရာသီကာလများတွင် ဝင်ငွေအနည်းငယ်သာဝင်သဖြင့် စားဝတ်နေရေးကြပ်တည်းမှု ကြုံတွေ့ကြရပါသည်။ မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု စုစုပေါင်း (၁၀၄)စု ရှိသည့်အနက် အိမ်ထောင်စု

(၄၅)စုခန့်မှာ ဝင်ငွေနည်းပါးသော ကာလများတွင် ဆွေမျိုး/ မိတ်ဆွေများနှင့် ငွေတိုးချေးသူများထံမှ ချေးယူခြင်း နှင့် လုပ်အားခကြိုယူခြင်းတို့ဖြင့် စားဝတ်နေရေးအတွက် ဖြေရှင်းကြရကြောင်း၊ အခြားအိမ်ထောင်စုများမှာလည်း ချေးငွေရယူ၍ စားဝတ်နေရေး အတွက် ဖြေရှင်းကြ ရကြောင်း သိရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| **အကြောင်းအရာ** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | _ | _ | _ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | _ | _ | _ |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၄ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | _ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | _ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ထိခိုက်လွယ်သော အိမ်ထောင်စုများအဖြစ် ဆင်းရဲ၍ မိသားစုဦးရေများသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၄)စု သာရှိကြောင်း တွေ့ရှိရပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| **စဉ်** | **ထိခိုက်လွယ်မှု အမျိုးအစား** | **ထိခိုက်လွယ်မှု** |
|---|---|---|

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | နိမ့် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | နိမ့် |
| ၃ | ရေကြီးခြင်း | မရှိ |
| ၄ | မိုးခေါင်ခြင်း | နိမ့် |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် |
| ၆ | မုန်တိုင်း | မရှိ |
| ၇ | ငလျင် | မရှိ |
| ၈ | မီးဘေး | မရှိ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | နိမ့် |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် |
| ၁၃ | တီဘီရောဂါ | မရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည် | နိမ့် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရေမျက်ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေအား လေ့လာရာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စု(၄၅)စုခန့်သည် စားနပ်ရိက္ခာမဖူလုံမှု အနေဖြင့် တစ်နှစ်လျှင် ၃-လခန့် ကြုံတွေ့ရကြောင်း၊ စိုက်ပျိုးရေရရှိမှုအနေဖြင့် မိုးတွင်းကာလတွင်သာ စိုက်ပျိုးရေဖူလုံမှုရှိပြီး အခြားကာလများတွင် စိုက်ပျိုးရေ မလုံ လောက်မှုများ ကြုံတွေ့ကြရကြောင်း၊ သစ်တောပြုန်းတီးမှုကြောင့် မြေဆီလွှာ ပျက်ယွင်းမှုများ တွေ့ရှိရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | လူငယ် | မရှိ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မရှိ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မရှိ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မရှိ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မရှိ |
| ၉ | ငါးကန်ပိုင်ရှင်များ | မရှိ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် |
| ၁၁ | လူနည်းစုလူမျိုးများ | မရှိ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မရှိ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မရှိ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မရှိ |
| ၁၅ | ဆေးစွဲသူများ | မရှိ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မရှိ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မရှိ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မရှိ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | နိမ့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရေမျက်ကျေးရွာတွင် နေထိုင်သူများအနက် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများမှာ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စု၊ မြေယာမဲ့ ဆင်းရဲသား တောင်သူများ၊ လက်လုပ်လက်စားများနှင့် ကျပန်းလုပ်သားများဖြစ်ပြီး ၄င်းတို့သည် စာနပ်ရိက္ခာ မဖူလုံမှုနှင့် ကြွေးမြီတင်ရှိမှု အများဆုံး ကြုံတွေ့ရကြောင်း တွေ့ရှိရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဂေါပကအဖွဲ့ | ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ | ၁၀ | | ၁၀ | ဘာသာရေး | သင့် |
| ၂ | ဓမ္မစကြာအဖွဲ့ | ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ | ၂ | ၇ | ၉ | ဘာသာရေး | သင့် |
| ၃ | အုပ်ချုပ်ရေး အဖွဲ့ | | ၁၂ | | ၁၂ | လုံခြုံရေးနှင့် ကာကွယ်ရေး | သင့် |
| ၄ | ရပ်မိရပ်ဖအဖွဲ့ | လူမှုရေးအဖွဲ့ | ၁၀ | | ၁၀ | သာရေး/နာရေး/ လူမှုဖွံ့ဖြိုးရေး | သင့် |
| ၅ | အမျိုးသမီး အဖွဲ့ | လူမှုရေးအဖွဲ့ | | ၂၀ | ၂၀ | သာရေး/နာရေး/ လူမှုဖွံ့ဖြိုးရေး | သင့် |
| ၆ | စိတ်တူ ကိုယ်တူအဖွဲ့ | လူမှုရေးအဖွဲ့ | | ၂၅ | ၂၅ | သာရေး/နာရေး/ လူမှုဖွံ့ဖြိုးရေး | သင့် |
| ၇ | အရန်မီးသတ် အဖွဲ့ | | ၅ | | ၅ | လုံခြုံရေးနှင့် ကာကွယ်ရေး | သင့် |
| ၈ | မိခင်ဝိုင်းအဖွဲ့ | လူမှုရေးအဖွဲ့ | ၄ | ၁ | ၅ | ပညာရေး | သင့် |
| ၉ | လူငယ်အဖွဲ့ | လူမှုရေးအဖွဲ့ | ၁၅ | | ၁၅ | သာရေး/နာရေး/ လူမှုဖွံ့ဖြိုးရေး | သင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရေမျက်ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ-ဘာသာရေးအသင်းအဖွဲ့များအဖြစ် ဂေါပကအဖွဲ့နှင့် ဓမ္မစကြာအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများအဖြစ် ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ စိတ်တူကိုယ်တူအဖွဲ့နှင့် မိခင်ဝိုင်းအဖွဲ့၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့များအဖြစ် အုပ်ချုပ်ရေးအဖွဲ့နှင့် အရန်မီးသတ်အဖွဲ့တို့ ဖွဲ့စည်းဆောင်ရွက်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ရေမျက်ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း မရှိသေးကြောင်း တွေ့ရှိရပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၇ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၂၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကကြား | ၄၂ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧကကြား | ၁၅ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၁၉** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ရေမျက်ကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စု အများစုမှာ တောင်သူများဖြစ်ပြီး စိုက်ပျိုးမြေ (၅)ဧကမှ(၁၂.၅) ဧကကြား ပိုင်ဆိုင်သူ အိမ်ထောင်စု(၁၅)စု၊ အလယ်အလတ် အဆင့်ရှိ စိုက်ပျိုးမြေပိုင်ဆိုင်သူ အိမ်ထောင်စု(၆၇)စု၊ မြေပိုင်ဆိုင်မှု မြေယာမဲ့လက်လုပ်လက်စား အိမ်ထောင်စု (၃၇)စု ရှိကြောင်း တွေ့ရှိရပါသည်။

## (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | မိုးရေ | ၂၇၅.၈၁ | တစ်နှစ်ပတ်လုံး | ရှိ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာမှ တောင်သူများအနေဖြင့် မိုးရေကိုသာအဓိကထား စိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် | အမြတ်ရရှိနိုင်မှု |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် | အမြတ်ရရှိနိုင်မှု |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| နှမ်း | ၁၃၅.၉၅ | တင်း | ၆ | ၈ | ၇ | နယုန် | တော်သလင်း | နိမ့် | နိမ့် |
| မြေပဲ | ၁၁.၆၃ | ပိဿာ | ၂၀၀ | ၃၀၀ | ၂၅၀ | တော်သလင်း | တပေါင်း | လတ် | နိမ့် |
| စပါး | ၈၀.၇၃ | တင်း | ၄၀ | ၆၀ | ၅၀ | ဝါဆို | နတ်တော် | လတ် | လတ် |
| | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ နှမ်း၊ မြေပဲတို့ဖြစ်ပါသည်။ နှမ်းအထွက်နှုန်းမှာ (၁) ဧကလျှင် အနည်းဆုံး (၆)တင်း၊ အများဆုံး (၈)တင်းနှင့် ပျမ်းမျှ (၇)တင်း ထွက်ရှိပါ သည်။ မြေပဲ(၁)ဧက အထွက်နှုန်းမှာ အနည်းဆုံး (၂၀၀)ပိဿာ၊ အများဆုံး (၃၀၀)ပိဿာနှင့် ပျမ်းမျှ (၂၅၀)ပိဿာ ထွက်ရှိပါသည်။ ဈေးကွက်အကျိုးအမြတ်အနေဖြင့် အသင့်အတင့် ရရှိပါသည်။ မျိုးကောင်းမျိုးစေ့၊ ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ အပင်အားတိုး ဆေး စသည်တို့ အလွယ်တကူ ဝယ်ယူရရှိနိုင်သော်လည်း မြေဆီလွှာ မကောင်းသဖြင့် အထွက်နှုန်း နည်းပါးကြောင်း တွေ့ရှိရပါသည်။

### (၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|

| စက်အမျိုးအစား | တစ်ဦး ချင်း ပိုင် | ရှာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၁ | – | – | ၄၅ |
| လက်တွန်းထွန်စက် | – | – | – | _ |
| အစေ့ချ ကိရိယာ | – | – | – | – |
| ရိတ်သိမ်းခြွေလှေ့စက် | – | – | – | – |
| ရိတ်သိမ်းစက် | – | – | – | – |
| ခြွေလှေ့စက် | – | – | – | – |
| ရေစုပ်စက် | ၁၁ | – | – | – |
| ခြေနင်းရေတင်စက် | – | – | – | – |
| မြက်ရိတ်စက် | – | – | – | – |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးသုံးစက်ကိရိယာ ပိုင်ဆိုင်မှုအနေဖြင့် ပုဂ္ဂလိကပိုင် ရေစုပ်စက် (၁၁)စက်နှင့် ပုဂ္ဂလိကပိုင် လယ်ထွန်စက် (၁)စက် ရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးမြေဧက အနည်းငယ်သာပိုင်ဆိုင်သော အိမ်ထောင်စုများအနေဖြင့် မိသားစုလုပ်အား ဖြင့်သာ လုပ်ကိုင်ကြပြီး မြေဧက (၅)ဧကမှ (၁၂)ဧက အထက် ပိုင်ဆိုင်သော အိမ်ထောင်စု များမှာလည်း မိသားစုဝင်လုပ်အားဖြင့်သော်လည်းကောင်း၊ လိုအပ်ပါက ထွန်စက်ငှား၍ သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း တွေ့ရှိ ရပါသည်။

**(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | သင့်တင့်မျှတ |
| လယ်ယာမြေ အသုံးချနိုင်မှု | သင့်တင့်မျှတ |
| စိုက်ပျိုးရေ အရင်းအမြစ် | အသင့်အတင့်ရှိ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | ရသည် |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | ဝယ်ယူရနိုင်သည် |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | ဝယ်ယူရနိုင်သည် |
| လုပ်သားရရှိနိုင်မှု | ရနိုင်သည် |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | ရနိုင်သည် |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို ရောင်းချနိုင်သည် |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ရေမျက်ကျေးရွာ၏ သဘာဝရေမြေရာသီဥတုအနေအထား အနေဖြင့် မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ခြင်း၊ ရာသီဥတုကောင်းမွန်မည်ဆိုပါက စိုက်ပျိုးရေ ရရှိနိုင်ခြင်း၊ သီးနှံမျိုးစေ့များ၊ သဘာဝမြေဆွေး/ အော်ဂဲနစ်မြေသြဇာနှင့် အခြားပိုးသတ်ဆေး၊ ဓါတ်မြေသြဇာစသည်တို့ အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းနှင့် အရင်းအနှီးအဖြစ် သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးဘဏ်မှ ချေးငွေများရရှိခြင်း၊ လုပ်သားအလွယ်တကူ ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ရရှိခြင်းတို့သည် ကျေးရွာနေ တောင်သူများအတွက် များစွာအထောက်အကူပြုလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | ရာသီဥတုမမှန် |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် |
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင် |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အလွယ်တကူမရနိုင် |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | အလွယ်တကူမရနိုင် |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အလွယ်တကူမရနိုင် |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မ ရောင်းချနိုင်ပါ။ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | အသင့်အတင့်ကျ |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ သီးနှံထုတ်လုပ်မှုအတွက် အဓိကပြဿနာမှာ ရာသီဥတု မမှန်ခြင်းဖြစ်ပါသည်။ ရေသွင်းစိုက်ပျိုးရန်အတွက် ရေအရင်းအမြစ်ရှားပါးပါသည်။ သီးနှံအထွက်တိုးရန်နှင့် မြေသြဇာကောင်းရန် နည်းပညာ လိုအပ်လျှက်ရှိပါသည်။

## (၁) မွေးမြူရေး ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေး ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးလုပ်ငန်းလုပ်ကိုင် နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၅၅ | ၁၈၄ |
| နို့စားနွား | – | – |
| ကျွဲ | – | – |
| မြင်း | – | – |
| မြည်း | – | – |
| လား | – | – |
| ဆိတ် | – | – |
| သိုး | – | – |
| ဝက် | ၂၆ | ၅၀ |
| ကြက် | ၇၇ | ၆၅၉ |
| ဘဲ | ၄ | ၁၄ |
| နွားနောက် | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရေမျက်ကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၂၆)စုရှိပြီး ဝက်အကောင်ရေ (၅၀)ကောင်၊ ကြက်မွေးမြူ ရေးလုပ်ကိုင်သူအိမ်ထောင်စု (၇၇)စုရှိပြီး ကြက်ကောင်ရေ (၆၅၉)ကောင် ၊ နွားမွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၅၅)စုရှိပြီး နွားအကောင်ရေ (၁၈၄)ကောင် မွေးမြူလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

**(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | အသင့်အတင့်ရရှိနိုင်ပါသည်။ |
| ရေရရှိမှု | အသင့်အတင့်ရရှိနိုင်ပါသည်။ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
